# မုန်ညင်းစေ့တစ်စေ့

တစ်ဦးကိုတစ်ဦး သိကျွမ်းကြပြီး အနည်းဆုံးတော့ တွေ့ဖူးမြင်ဖူး ဖြစ်နေကြသည့် မြို့ငယ်လေးတစ်မြို့တွင် ကျွန်မတို့မိသားစု နေထိုင်ကြသည်။ ကျွန်မအချစ်ဆုံးသူငယ်ချင်းနှင့် ကျွန်မတို့နှစ်ဦးအား ဤမြို့၏ ဟစ်ပီးများ(**Hippies**) အဖြစ် မှတ်ယူသဘောထားရခြင်းကလည်း လူများက ကျွန်မတို့နှစ်ဦးအား မည်သို့ပင် သဘောထားစေကာမူ ကျွန်မတို့က အများနှင့်မတူ၊ ထူးခြားစွာ အမြဲနေထိုင်ပြောဆိုကြသောကြောင့်ဖြစ်သည်။



*ယေရှုက . . . "ထိုမှတပါး ဘုရားသခင်၏ နိုင်ငံတော်ကို အဘယ်သို့ ပုံပြရအံ့နည်း။ အဘယ်ဥပမာနှင့် ခိုင်းနှိုင်းရအံ့နည်းဟူမူကား၊ မုန်ညင်းစေ့နှင့်တူ၏။ မုန်ညင်းစေ့သည် မြေ၌ စိုက်သောအခါ မြေ၌စိုက်သော အစေ့တကာတို့ထက် ငယ်သော်လည်း စိုက်ပြီးမှ အပင်ပေါက်၍ မြက်ပင်တကာ–တို့ ထက် ကြီးပွားသဖြင့် မိုဃ်းကောင်းကင်ငှက်တို့သည် အရိပ်ခို၍ နားနေလောက်သော အကိုင်းအခက်ကြီးတို့ကို ဖြစ်စေတတ်သည်ဟု မိန့်တော်မူ၏"*
*မာကု ၄း၃၀–၃၂*

သခင်ယေရှုကို မိမိ၏ ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ပြီးနောက် ကျွန်မ ပြောင်းလဲခဲ့ရသည်။ သူတို့သည်လည်း ယေရှု၏ မေတ္တာကို မည်ကဲ့သို့ရနိုင်ကြောင်း အခြားသူများကို ပြောပြခြင်းအားဖြင့် သူ့ကို အစေခံခြင်းကိုသာ လုပ်နေချင်ခဲ့သည်။ ကျွန်မ၏ ဆွေမျိုးအချို့က ရဲတပ်ဖွဲ့အတွက် အလုပ်လုပ်နေကြပြီး ကျွန်မ၏ ဘဝအသက်တာသစ်ကို သူတို့ နားမလည်ခဲ့လျှင် သူတို့သည် ကျွန်မကို များစွာ ဒုက္ခရောက်စေနိုင်သောကြောင့် ဤအခြင်းအရာကို ၄င်းတို့အား ရှင်းပြနိုင်ရန်အတွက် အချိန်အတော်ကြာယူခဲ့ရသည်။

ကျွန်မသည် တချိန်က ဟစ်ပီတစ်ယောက်ဖြစ်ခဲ့၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးလေးတစ်ယောက်က ကျွန်မကို မနှစ်သက်၊ သူသည် ယခင်က ကွန်မြူနစ်တစ်ယောက်ဖြစ်ခဲ့သလို အလွန်သဘောထားတင်းမာပြီး စိတ်ထားမကောင်းသောသူ၊ ပြောရဆိုရ အလွန်ခက်ခဲသူတစ်ယောက်ဖြစ်သည်။ ကျွန်မ၏ မိဘများကို ကျွန်မ၏ မကောင်းကြောင်း ပြောဆိုခဲ့သလို တယ်လီဖုန်းမှလည်း ကျွန်မကို ခြိမ်းခြောက်ခဲ့သောကြောင့် သူ့ကို ကျွန်မကြောက်ရွံ့လာခဲ့ပြီး ရှောင်လည်း ရှောင်နေခဲ့သည်။ ကျွန်မဘဝအသက်တာ၏အစိတ်အပိုင်းအသစ်ကိုနားလည်ပေးဘို့ရန်အတွက်ကျွန်မမျှော်လင့်ထားခဲ့သူများအနက် သူက နောက်ဆုံးပင်ဖြစ်သည်။ သို့သော် သူ၏ နှလုံးသားကို လုံးဝ ကြေကွဲစေခဲ့သည့် အကြောင်းအရာတစ်ခု လွန်ခဲ့သော သုံးနှစ်ခန့်က ဖြစ်ပွားခဲ့သည်။

ကျွန်မ၏ ဦးလေးနှင့် သူ့ဇနီးသည်တို့ မတော်တဆယဉ်တိုက်မှုဖြစ်ပွားခဲ့ရာ သူ့ဇနီးသည်က သူ၏ လက်ထဲ ထိုနေရာမှာပင် သေဆုံးသွားခဲ့ရသည်။ အခင်းဖြစ်ပွားသည့်အချိန်တွင် ကားကို သူကိုယ်တိုင်မောင်းနှင်ခဲ့သောကြောင့် ထိုအခြင်းအရာအတွက် ရဲတပ်ဖွဲ့မှ သူ၏အလုပ်ကို ဆုံးရှုံးလက်လွှတ်လိုက်ရလုနီးပါး ဖြစ်သွားခဲ့ရသည်။ နောက် (၂)နှစ်ကြာ–မျှ အချိန်ကာလအတွင်း သူသည် သူ၏ (၁၆)နှစ်နှင့် (၁၈)နှစ်အရွယ် ကလေးနှစ်ယောက်အတွက် အလွန်ကြောက်ရွံ့စရာ ဖခင်တစ်ဦးဖြစ်ခဲ့ရာ သူတို့ကို ဆဲဆိုရိုက်နှက်လျက်သာ ရှိနေခဲ့သည်။

ဤသို့ ရှိနေခဲ့စဉ်မှာပင် ၂၀၀၂ခု မတ်လအတွင်း ရုတ်တရက်ဆိုသလို သူနေထိုင်မကောင်းဖြစ်လာခဲ့ရသည်။ လမ်းမလျှောက်နိုင်တော့သည့်အပြင် မတ်တတ်ပင် မရပ်နိုင်တော့ပါ။ ဆရာဝန်များအနေနှင့်ကလည်း သူဘာဖြစ်နေမှန်း မဖော်ထုတ်နိုင်ခဲ့သောကြောင့် သူ့ကို မကူညီနိုင် ဖြစ်ခဲ့ရသည်။ ထိုအနေအထားမှာ သူသည် စိတ်ပျက်စရာကောင်းလောက်အောင်ပင် ဆိုးဝါးလာပြီး သူ၏ သားသမီးများကို တချိန်လုံးလိုလို အပြစ်ဖို့နေခဲ့သည်။

ထိုအချိန်မှာပင် ကျွန်မ "မိသားစု"၏ အခြားအဖွဲ့ဝင်များနှင့်အတူ လုပ်ကိုင်နေထိုင်ရာမြို့ရှိ ဆေးရုံတွင် လပေါင်းအနည်းငယ် တက်ရောက်ကုသမှု ခံယူရန် သူရောက်ရှိလာခဲ့ပါသည်။ ကျွန်မသည် သူ၏ တစ်ဦးတည်းသော ဆွေမျိုးဖြစ်နေခဲ့သောကြောင့် တာဝန်ချိန် ပြင်ပတွင် သူ့ကို သွားရောက်ကြည့်ရှုခဲ့သော်လည်း တတ်နိုင်သမျှ မသွားရောက်မိရန် သတိထားနေခဲ့သည်။ သူ–မည်မျှ ဆိုးဝါးသော အခြေအနေတွင်းသို့ ရောက်ရှိနေခဲ့ကြောင်းကို ထိုအခါမှပင် ကျွန်မ သိရှိခဲ့ရသော်လည်း ကျွန်မက သူ့ကို ကြောက်မြဲကြောက်နေခဲ့သည်။ သူ၏ ခေါင်းမာလှသည့် သဘောထားနှင့် ကျွန်မအပါအဝင် မည်သူ့နှစ်သိမ့်မှုကိုမဆို လက်မခံလိုသည့် အချက်က အခြေအနေကို ပို၍ တိုးတက်မလာအောင် အဟန့်အတား ပြုနေခဲ့သည်။

သူက လေးလကြာ ဘုရားသခင်ကို ပမာမခန့် ပျက်ရယ်ပြုနေခဲ့သည်။ သူ့အခြေအနေက ပို၍ ဆိုးဝါးလာခဲ့ရာ အစာမစားနိုင်တော့သည့် အနေထားသို့ပင် ရောက်ရှိလာခဲ့သည်။ သူ၏ ညာလက်မောင်း ကျိုးသွားခဲ့ရသလို သူ့အဆုပ်များတွင် ကင်ဆာအမြစ် စတင် တွယ်ကပ်ခဲ့ပြီဖြစ်ရာ သူ့အတွက် အသက်ရှင်ရန် မျှော်လင့်ချက် လုံးဝ မရှိတော့။

ဤအချိန်မှာ ဘုရားသခင်က ကျွန်မ၏ ဦးလေးသည် နောက်ဆုံးတွင် သူ့ကို လက်ခံရန်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် သခင်ယေရှု၏အကြောင်း၊ သူ့အတွက် သခင်ယေရှု၏ သီးသန့်မေတ္တာအကြောင်း ပြောပြရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း ကျွန်မကို ဖော်ပြခဲ့သည်။ လူကြိုက်နည်းလှသည့် သတင်းစကားဟု သူထင်မှတ်သည့်အကြောင်းအရာကို နိနဝေမြို့သို့ သွားရောက်ပြောကြားရန် ဘုရားသခင်၏ စေခိုင်းခြင်းကို ခံရသည့် ယောနကဲ့သို့ ကျွန်မ ခံစားလိုက်ရသည်။ ကျွန်မ ဤအလုပ်ကို မလုပ်ချင်ခဲ့ပါ။ သို့သော်လည်း ဤအခြင်းအရာကို ကြိုးစားကြည့်ရန် ဘုရားသခင်က အတင်းအကြပ် ပြုနေသကဲ့သို့ ကျွန်မ ခံစားနေရသောကြောင့် ကျွန်မအား ဉာဏ်ပညာနှင့် ပို၍ ကြီးမားသော ယုံကြည်ခြင်းကို ပေးရန် တောင်းခံခဲ့သည်။

မဿဲ ၁၀း၂၀ ထဲတွင် ရှိသောသူ၏ ကတိတော် "သင်တို့အ–လို အလျောက် ပြောကြသည်မဟုတ်။ သင်တို့အဘ၏ ဝိညာဉ်တော်သည် သင်တို့အားဖြင့် ပြောတော်မူ၏"။ အားဖြည့်ဆည်းရန် ဘုရားသခင်ထံ ကျွန်မ တောင်းခံခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်မ ဆေးရုံသို့ သွားခဲ့ရာ သူ့ ဖခင် ကို ပြုစုလျက်ရှိနေခဲ့သော ကျွန်မ၏ အစ်ကိုဝမ်းကွဲတော်သူကိုလည်း ဆေးရုံ၌ တွေ့ခဲ့ရသည်။

ထိုနေ့တွင် ထိုအရာက ကျွန်မအတွက် လွယ်ကူစေရန် သခင်ဘုရား ပြုခဲ့ပါသည်။ ကျွန်မ ဦးလေးက ဝေဒနာကို အကြီးအကျယ် ခံစား

နေရပြီး အိပ်ယာထဲ လဲနေခဲ့သည်။ ပြင်းထန်သော ဆေးဝါးအချို့ကို သောက်သုံးနေရ၍ ထိုဆေးများ၏ ဘေးထွက်ဆိုးကျိုးဖြစ်သည့် အနာများ ကလည်း တကိုယ်လုံးပေါက်နေခါ ထိုအနာများမှ သွေးများထွက်နေခဲ့သည်။ ခါတိုင်း သူ၏ မျက်နှာပေါ်တွင် ဝတ်ဆင်ထားလေ့ရှိသည့် ခက်ထန်မာကြောလှသော မျက်နှာဖုံးကို ကျွန်မ ထိုနေ့တွင် မတွေ့ရတော့ပါ။ သူဘာမျှ မတတ်နိုင်တော့ကြောင်း ဝန်ခံခဲ့သည်။

ကျွန်မ မည်သူ့ကိုမျှ အားကိုး၍ မရတော့သောအချိန် ကျွန်မ၏ အခက်အခဲဆုံးသောအချိန်တို့တွင် သခင်ဘုရားက ကျွန်မကို မည်သို့မစခဲ့ကြောင်းကို ပြောပြခြင်းအားဖြင့် ကျွန်မစတင်ခဲ့ပါသည်။ သူကနားထောင်နေခဲ့သောကြောင့် ကျွန်မက သူ့အား ဆက်ပြောခဲ့ရာတွင် ဘုရားသခင်က သူ၏ ဘဝ အသက်တာတွင်း ဝင်ရောက်လုပ်ဆောင်လို၍ သူ၏ နာမကျန်းဖြစ်နေမှုအားဖြင့် သူ့ကို ချဉ်းကပ်ရန် ကြိုးစားနေကြောင်း သို့သော် သူက ဘုရားသခင်၏ ဝိညာဉ်တော်ကို ငြင်းဆန်နေ၍ အခြေအနေက ဆိုးသထက်ဆိုးလာခဲ့ကြောင်း စသည်တို့ကို ရှင်းပြခဲ့သည်။

သခင်ယေရှုက ရှေးဦးစွာ သူ၏ ဝိညာဉ်ကို ပျောက်ကင်းအောင်ကုသလိုကြောင်းနှင့် ဘုရားသခင်နှင့်မှန်ကန်သော အနေအထားသို့ သူရောက်ရှိလာသည်နှင့် ဘုရားရှင်က သူ၏ ခန္ဓာကိုယ်ကို ပျောက်ကင်းစေလိမ့်မည်ဖြစ်ကြောင်းကိုလည်း သူ့အား ကျွန်မ ပြောပြခဲ့သည်။ ကျွန်မ ဦးလေးက ပြောသမျှကို တစ်ချိန်လုံး တိတ်ဆိတ်စွာ နားထောင်နေခဲ့ပြီး တစ်ခါတစ်ရံမှသာလျှင် “ဒါတကယ်ဘဲလား?” ဟု မေးတတ်သည်။

သူက ကျွန်မ ပြောသမျှကို တလေးတစားနှင့် စိတ်ဝင်တစားတုန့်ပြန်နေခဲ့သောကြောင့် ကျွန်မအတွက် မယုံကြည်နိုင်လောက်အောင် ဖြစ်နေခဲ့ရသည်။ သူ၏ သားသမီးများအပေါ် သူမည်မျှ ဆိုးဆိုးဝါးဝါး ဆက်ဆံခဲ့ခြင်းအပေါ် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသည့် ပြုပြင်ထောက်ပြမှု ကို ပြုနိုင်ရန်အတွက်ပင်လျှင် ဘုရားရှင်က ကျွန်မအား ကူညီခဲ့ပါသည်။ ကျွန်မအနေနှင့် မိမိသည် လိုသည်ထက် ပိုပြောမိပြီလားဟု ထင်မိခဲ့သော်လည်း သူက ခေါင်းတငြိမ့်ငြိမ့်နှင့်သာ ရှိနေခဲ့သည်။

သူနှင့်အတူဆုတောင်းခြင်းအမှုကို ပြုရန်အတွက် လုံလောက်သည့် ယုံကြည်ခြင်းနှင့် သတ္တိကို ရရှိရန် ကျွန်မ အတော်လေး ကြိုးစားအားထုတ်ခဲ့ရသော်လည်း ဘုရားရှင်က ကျွန်မကို မစကူညီခဲ့သည်။ ကျွန်မ က သူ၏လက်ကို ဆုပ်ကိုင်လျက် သူနှင့်အတူ ရှိနေပြီး တချိန်လုံးဘေးနားမှာ နားထောင်နေခဲ့သည့် သူ့သားနှင့်အတူတကွ သခင်ယေရှုကို လက်ခံရန် ဆုတောင်းခဲ့ကြသည်။ ထို့နောက် ဦးလေး၏ ရောဂါပျောက်ကင်းမှုအတွက်လည်း တောင်းဆိုခဲ့ကြသည်။ ဦးလေးက သူ၏ စိတ်နှလုံးထဲမှ အပြင်းအထန် ဆုတောင်းခဲ့ရာ ဆုတောင်းခြင်း ပြီးဆုံးသည့်တိုင် သူ့မျက်–လုံး များက မှိတ်ထားဆဲ။ နောက်ထပ် သုံးမိနစ်ကြာမျှ ဘာဆက်ပြောရမှန်း၊ လုပ်ရမှန်း မသိလောက်အောင် ကျွန်မ စိတ်ကျဉ်းကြပ်မှုကို ခံစားနေခဲ့ရ သည်။ သို့သော်လည်း ဦးလေးက မော့ကြည့်လာပြီး မျက်ရေများကြားမှ ကျွန်မကို ကျေးဇူးတင်ကြောင်း ပြောလာခဲ့သည်။

ကျွန်မ ဦးလေး၏ အခြေအနေက သခင်ယေရှုကို သူ၏ ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ပြီးသည်နှင့်တပြိုင်နက် တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ သက်သာလာသည်နှင့်အမျှ သမ္မာကျမ်းစာကို စတင်ဖတ်ရှုလာခဲ့သလို ကျွန်မ သူ့ကိုပေးခဲ့သော အခြားဝိညာဉ်ရေး နှီးကြားလှုံ့ဆော်မှုဆိုင်ရာ စာပေများကိုပါ ဖတ်ရှုလာခဲ့သည်။ ဆရာဝန်များ၏ အကူအညီမပါဘဲ ကျွန်မတို့၏ ဆုတောင်းသံကို အဖြေပေးသည့်အနေဖြင့် သခင်ယေရှုက သူ၏ အနာရောဂါကို ပျောက်ကင်းစေခဲ့ကြောင်းကို ယခုအခါ သူပြောနေခဲ့ပါပြီ။ ယခုတိုင် သူက အားနည်းနေဆဲဖြစ်သော်လည်း သူ့အခြေအနေက တဖြည်းဖြည်း တိုးတက်မှု ရှိလာသည်နှင့်အညီ သူ့သားသမီးများနှင့် ပတ်သက်၍လည်း ပိုမိုကောင်းမွန်စွာ ပြုမူလာခဲ့ပြီဖြစ်သည်။ သူ့အပေါ် ပြုခဲ့သောအမှုအတွက် ကျွန်မတို့ ဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းကြသည်။

ဤအခြင်းအရာမှ ကျွန်မလည်း သင်ခန်းစာတစ်ခု ရရှိခဲ့ပါသည်။ ဘုရားသခင်က ကျွန်မကို လုပ်စေချင်သည့်အလုပ်တစ်ခုကိုလုပ်ရန် ကျွန်မတွင် လုံလောက်သည့် ယုံကြည်ခြင်း မရှိသည့်တိုင် ကျွန်မအနေနှင့် မိမိခံစားချက်၏ လွှမ်းမိုးချုပ်ကိုင်မှုကို မခံဘဲ ဘုရားသခင်ကို ယုံကြည်ကိုးစားပြီး မိမိအားဖြင့် ထိုအမှုကို သူ့အား လုပ်ဆောင်ခွင့် ပေးသင့်သည် ဆိုခြင်းပင်ဖြစ်သည်။ နှုတ်ကပတ်တော်က မုန်ညင်းစေ့ကလေးတစ်စေ့မျှသော ယုံကြည်ခြင်းဖြင့် တောင်များကို ရွှေ့စေနိုင်သည်ဟု ဆိုထားသည် (မဿဲ ၁၇:၂၀)။ ကျွန်မ ၏ ယုံကြည်ခြင်းက မုံညင်းစေ့ထက်ပင် သေးငယ်ကြောင်း ကျွန်မခံစားရသည်။ သို့သော် ဘုရားသခင်က ထိုမျှလောက်သော ယုံကြည်ခြင်းဖြင့် စကြဝဠာတစ်ခုလုံး – ဦးလေး၏ စကြဝဠာကို ပြောင်းလဲစေခဲ့ပါပြီ။

## ကျွန်ုပ်တို့၏ အလိုအပ်ဆုံးသောအရာက ချစ်ခြင်းမေတ္တာဖြစ်ပြီး ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ ကြီးမြတ်သော အဖြေပင်ဖြစ်သည်။

လူတို့၏ နှလုံးသားများသည် အချိန်ကာလကြာမြင့်စွာ ရှိခဲ့သည့်တိုင် ဤအတိုင်း မပြောင်းမလဲ ရှိနေဆဲဖြစ်သည်။ လူတိုင်း ချစ်ခြင်းမေတ္တာကို လိုအပ်သည်။ လူအတော်များများက စစ်မှန်သော ချစ်ခြင်းမေတ္တာကို ရှာဖွေနေကြသော်လည်း မတွေ့နိုင်ကြ။ ချစ်ခြင်းမေတ္တာ ရှိရမည်ဖြစ်ကြောင်းကို သူတို့ သိကြသော်လည်း ထိုအတွက် ငတ်မွတ်ကြသော်လည်း ထိုအရာကို လိုအပ်သော်လည်း သူတို့သည် ဘုရားသခင်ကို မရှာသောကြောင့် ချစ်ခြင်းမေတ္တာကိုလည်း မတွေ့နိုင်ကြ။ ဤအခြင်းအရာက စိတ်မကောင်းစရာပင်။

သို့သော် လူတို့ ပြဿနာများ ရှိသည့်အခါတိုင်း ဘုရားသခင်၌လည်း အဖြေများ ရှိသည်။ ထိုအပြင် ဤအမှုအရာတွင် အဖြေကရိုးစင်းလှသည်. . . ယင်းက ချစ်ခြင်းမေတ္တာပင်။ ချစ်ခြင်းမေတ္တာက သော့ချက်၊ ချစ်ခြင်းမေတ္တာကအဖြေ ဖြစ်သလို သခင်ယေရှုသည် လမ်းခရီး သမ္မာတရားနှင့် အသက်ဖြစ်သည်။ (ယောဟန် ၁၄:၆)။ ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ကောင်းကင်ဘုံ၏ ပျော်ရွှင်မှုတို့ကို ရှာဖွေရာ၌ ယခု ဤ ကမ္ဘာမြေပေါ်တွင်သာမက နောင်လာမည့် အသက်တာအတွက်ပါ သူသာလျှင် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

(ဆုတောင်း) သခင်ယေရှု . . . သူတစ်ပါးအား ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို ပြသရာတွင် သစ္စာရှိရန်၊ သူတို့အား နှစ်သိမ့်အားပေးရန်နှင့် ကူညီမစရန် သူတို့၏ ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်တို့ကို ကုစားပြီး ၄င်းတို့၏ ပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်စွမ်းရှိသည့် ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ ဆိုင်ရာ သတင်းစကားကို ပေးခြင်းဖြင့် သူတို့အား ကုစားမတင်နိုင်ရန် ကျွန်ုပ်တို့အား မစတော်မူပါ။ ကိုယ်တော်၏အဖြေကို သူတို့အား ပေးခြင်းဖြင့် တစ်ပါးသူတို့ကို ကျွန်ုပ်တို့ ကူညီမစနိုင်ရန် အခွင့်အရေးကို ပေးတော်မူသောကြောင့် ကိုယ်တော်အား ကျေးဇူးတင်ပြီး ထိုအဖြေကလည်း အလွန်ရိုးစင်းသော အဖြေ၊ ယေရှု – ကိုယ်တော်သာလျှင်၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသာ ဖြစ်ပါသည်။ ဒေးဗစ်ဘရန့်ဘာ့(ဂ)